၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှ ၂၀၂၆ခုနှစ် မတ်လ ၂၈ ရက်နေ့အထိ။



မြန်မာနိုင်ငံ

# တစ်နှစ်တာ ကာလအတွင်း ငလျင်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ချက်များ

**လွန်ခဲ့သည့်နှစ်က** မြန်မာနိုင်ငံအလယ်ပိုင်းတွင် ၇. ၇ပြင်းအားရှိသည့် မြေငလျင်တစ်ခု လှုပ်ခတ်ခဲ့ရာ စစ်ကိုင်း၊ မန္တလေး၊ နေပြည်တော်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ပဲခူးတိုင်း ဒေသကြီး၏ အချို့ဒေသများရှိ ရပ်ရွာလူထုများသည် အကြီးအကျယ်ထိခိုက်ပျက်စီးခဲ့ပါသည်။ ဤသဘာဝဘေးသည် နှစ်ပေါင်းများစွာ ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင်ပဋိပက္ခ၊ နေရပ်စွန့်ခွာရွှေ့ပြောင်းရမှုနှင့် စီးပွားရေးအရ မရေရာမှု တို့အကြား နေထိုင်နေကြရသည့် သန်းပေါင်းများစွာသော လူထုအတွက် နဂိုကတည်းက ရင်ဆိုင်နေရသည့် ခက်ခဲမှုကို ပိုပြီး ကြီးထွားစေခဲ့ပါသည်။

မြန်မာနိုင်ငံအတွင်း နှစ်ပေါင်း ၄၀ တိုင်အောင် ကြာရှည်စွာတည်ရှိနေခြင်းနှင့် နိုင်ငံတစ်ဝန်းကြီးမားသည့် လုပ်ငန်းဆောင်ရွက်မှုများနှင့်အတူ၊ လက်နက်ကိုင်ပဋိပက္ခများနှင့် အခြားအကြမ်းဖက်မှုအခြေအနေများကြောင့် ထိခိုက်ခံစားခဲ့ရသည့် ရပ်ရွာလူထုများအား အကာအကွယ်ပေးရန်နှင့် ထောက်ပံ့ကူညီရန် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အိုင်စီအာရ်စီသည် ငလျင်ကြောင့် ထိခိုက်ခံစားခဲ့ရသည့် ရပ်ရွာလူထုများ၏ လိုအပ်ချက်များကို တုံ့ပြန်ကူညီရန် ယင်း၏လုပ်ငန်းများကို ချဲ့ထွင်ခဲ့ပါသည်။ အိုင်စီအာရ်စီသည် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့်အတူ ပူးတွဲဆောင်ရွက်ခဲ့ပြီး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှု၏ တုံ့ပြန်ကူညီမှုများအား ညှိနှိုင်းဆောင်ရွက်ခြင်း အခန်းကဏ္ဍအတွက် ထောက်ပံ့ကူညီခဲ့ပါသည်။

လွန်ခဲ့သည့် ၁၂လတာ ကာလအတွင်းတွင်၊ အိုင်စီအာရ်စီနှင့် ယင်း၏ မိတ်ဖက်များသည် ငလျင်ဒဏ်ခံခဲ့ရသည့် ဒေသများရှိ လူပေါင်း ၃၀၀,၀၀၀ ကျော်ကို ပံ့ပိုးကူညီခဲ့ပါသည်။ ဤတုံ့ပြန်ကူညီမှုတွင် ချက်ချင်းလက်ငင်း အသက်ကယ်ဆယ်ရေးဆိုင်ရာအထောက်အပံ့မှသည် ပြန်လည်ထူထောင်ရေးနှင့် ကြံ့ကြံ့ခံနိုင်စွမ်းအား ပြန်လည်တည်ဆောက်ခြင်းအထိ ကဏ္ဍစုံပါဝင်ပြီး နေထိုင်ရန် အမိုးအကာများ ပံ့ပိုးခြင်း၊ မရှိမဖြစ်အရေးကြီးသည့် အိမ်ထောင်စုသုံးပစ္စည်းများ၊ အစားအစာနှင့် စီးပွားရေးဆိုင်ရာ အထောက်အပံ့၊ ဘေးကင်းသည့်ရေနှင့် မိလ္လာရေဆိုးနုတ်စနစ်ရရှိမှုနှင့် ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှု

များပါဝင်ပါသည်။ အကျိုးထိရောက်မှုရှိပြီး ရေရှည်တည်တံ့သည့် တုံ့ပြန်အကူအညီကို ပေးအပ်လိုသည့် အိုင်စီအာရ်စီသည် ဒေသတွင်းမိတ်ဖက်များ၊ ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် ကျန်းမာရေး အဆောက်အအုံများအား ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းအရေးပေါ် တုံ့ပြန်မှု စွမ်းဆောင်ရည်များ ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်ခဲ့ပါသည်။

မြောက်မြားစွာသောမိသားစုများသည် နေထိုင်ရန်အမိုးအကာများရှာဖွေခြင်း၊ နေအိမ်များအားပြန်လည်ပြုပြင်ခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ခြင်းနှင့် မရှိမဖြစ်ရေးကြီးသည့် ဝန်ဆောင်မှုများ ပြန်လည်ရရှိခြင်း အစရှိသည့် ပြန်လည်ထူထောင်ရေးသို့ ဦးတည်သည့် အရေးကြီး အဆင့်များကို ကျော်လွှားနိုင်ခဲ့ကြပါသည်။ ဒေသတွင်းတုံ့ပြန်ကူညီသူများ၊ ကြက်ခြေနီစေတနာ လုပ်အားရှင်များနှင့် အပြည်ပြည်ဆိုင်ရာမိတ်ဖက်များ၏ စည်းလုံးညီညွတ်မှုသည် ဤတိုးတက်မှုဖြစ်စဉ်တွင် အဓိကကျပါသည်။

သို့သော်လည်း လက်နက်ကိုင်ပဋိပက္ခများကြောင့်ဖြစ်ပေါ်လာသည့် အဟန့်အတားများကြောင့် ပြန်လည်ထူထောင်ရေးမှာ ကြာရှည်ဦးမည် ဖြစ်ပါသည်။ များစွာသောလူထု၊ အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခနှင့် နေရပ်ရွှေ့ပြောင်းမှုဒဏ်ကိုခံခဲ့ရပြီးဖြစ်သည့် ရပ်ရွာလူထုများသည် ထိခိုက်လွယ်သည့် အခြေအနေများတွင် ဆက်လက်နေထိုင်နေကြဆဲဖြစ်ပြီး မရှိမဖြစ်အရေးကြီးသည့် အခြေခံဝန်ဆောင်မှုများမှာလည်း ဝန်နှင့်အား မမျှဘဲ ကျန်ရှိနေပါသည်။

> ပုံမှန် ကိုင်းဆင်းပြီဆိုလို့ရှိရင် ညီမပွဲရုံကိုသွားပြီးတော့ ယူရတာ
> တစ်ခါတစ်လေ တစ်နှစ်နဲ့တစ်နှစ်တောင် မကျေပါဘူး။
> အိုင်စီအာရ်စီက ထောက်ပံ့တဲ့အတွက်ကြောင့်မို့ ညီမ ကိုင်းဆင်းခါလည်း
> ပွဲရုံကိုမသွားရဘဲနဲ့ ကျေသွားတာပါ။
> အဲဒါကြောင့်မို့ အိုင်စီအာရ်စီကို တအားကျေးဇူးတင်ပါတယ်။
>
> \- မမို့မို့လွင်၊ စစ်ကိုင်းမြို့နယ်။


Ku Ki/ICRC

## လုပ်ငန်းဆိုင်ရာ ကောက်နုတ်ချက်များ

အိုင်စီအာရ်စီနှင့် ယင်း၏မိတ်ဖက်များသည် ငလျင်ကြောင့်ထိခိုက်ခံစားခဲ့ရသည့် ဒေသများတွင် လူပေါင်း ထောင်ပေါင်းများစွာကို ထောက်ပံ့ကူညီခဲ့ပါသည်။ အဓိကပံ့ပိုးကူညီမှုများတွင် အောက်ပါတို့ ပါဝင်ပါသည်။

## ပြန်လည်ထူထောင်ရေးအတွက် အထောက်အကူဖြစ်စေရန် စီးပွားရေး ဆိုင်ရာ အထောက်အပံ့များ ပေးအပ်ခြင်း

- **လူပေါင်း ၄၆,၀၀၀ နီးပါး**သည် ၎င်းတို့၏ နေ့စဉ်နေထိုင်မှုလိုအပ်ချက်များအတွက် အထောက်အပံ့ ဖြစ်စေသည့် မရှိမဖြစ်အရေးကြီးသည့် အိမ်ထောင်စုသုံးပစ္စည်းများ ရရှိခဲ့ပါသည်။
- **လူပေါင်း ၃၆,၀၀၀ နီးပါး**အား အရေးကြီးသည့် အသုံးစရိတ်များ ကာမိစေရန် ငွေကြေးပံ့ပိုးခဲ့ပါသည်။
- **လူပေါင်း ၃၄,၀၀၀ နီးပါး**သည် ချက်ချင်းလက်ငင်းလိုအပ်သည့် အာဟာရများ ဖြည့်ဆည်းနိုင် စေမည့် အစားအစာအထောက်အပံ့များ ရရှိခဲ့ပါသည်။
- **လူပေါင်း ၁၂,၀၀၀ နီးပါး**သည် မျိုးစေ့များ၊ စိုက်ပျိုးရေးသုံးကိရိယာများ သို့မဟုတ် စိုက်ပျိုးရာသီ မတိုင်မီ စားနပ်ရိက္ခာဖူလုံမှုရှိစေရန် ပံ့ပိုးခြင်းအပါအဝင် စိုက်ပျိုးရေးဆိုင်ရာ အထောက်အပံ့များ အားဖြင့် အကျိုးဖြစ်ထွန်းခဲ့ပါသည်။

## ရေ၊ နေထိုင်ရန်အမိုးအကာနှင့် အခြေခံအဆောက်အအုံ

- **လူပေါင်း ၁၅၁,၀၀၀ ကျော်**သည် ရေပေးဝေခြင်း၊ အဝီစိတွင်းများပြန်လည်ပြုပြင်ခြင်းနှင့် သန့်ရှင်းရေးသုံး ပစ္စည်းများပေးဝေခြင်းတို့မှတဆင့် ရေ၊ မိလ္လာရေဆိုးနုတ်နှင့် သန့်ရှင်းရေးဆိုင်ရာ ဝန်ဆောင်မှုများ ရရှိမှု ပိုမိုကောင်းမွန်လာပါသည်။
- **လူပေါင်း ၅၈,၀၀၀ ကျော်**အား ဂုဏ်သိက္ခာနှင့် ပြည့်ဝသည့် ပိုမိုကောင်းမွန်သည့် နေထိုင်မှုအခြေ အနေများရရှိစေရန် တာပေါ်လင်များ၊ ပစ္စည်းကိရိယာများနှင့် မရှိမဖြစ်အရေးကြီးသည့် အိမ်ထောင်စု သုံးပစ္စည်းများအပါအဝင် နေထိုင်ရန်အမိုးအကာဆိုင်ရာ အထောက်အပံ့ကို ပေးအပ်ခဲ့ပါသည်။
- ဆေးပေးခန်းများ၊ ဘုန်းကြီးကျောင်းများနှင့် ယာယီစခန်းများအပါအဝင် **အဆောက်အအုံ/အဖွဲ့အစည်း ၂၈၅ခု**တွင် ရေနှင့်မိလ္လာရေဆိုးနုတ်စနစ်များ ပိုမိုကောင်းမွန်လာစေရန် ပံ့ပိုးခဲ့ပါသည်။

## ကျန်းမာရေးဆိုင်ရာ အထောက်အပံ့၊ အရေးပေါ်တုံ့ပြန်ကူညီမှုနှင့် ကိုယ်ကာယပြန်လည်သန်စွမ်းရေး

- **ဆေးရုံ ၁၁ ရုံနှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် အဆောက်အအုံ ၂၈ ခု**အား ဆေးဘက်ဆိုင်ရာအထောက်အပံ့များ၊ ပစ္စည်းကိရိယာများနှင့် ဆေးပစ္စည်းမဟုတ်သည့် ပစ္စည်းများ ပံ့ပိုးခဲ့ပါသည်။
- **လူပေါင်း ၁၅,၅၀၀ ကျော်**အား အခြေခံကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများပေးအပ် ခဲ့ပါသည် (သို့မဟုတ်) ပြည်သူ့ကျန်းမာရေးဌာနများသို့ လွှဲပြောင်းပေးခဲ့ပါသည်။
- **လူနာ ၁,၂၄၉ ဦး**အား ကုသပေးနိုင်ခဲ့ပါသည် (သို့မဟုတ်) အရေးပေါ်ကျန်းမာရေးပံ့ပိုးမှုအားဖြင့် လွှဲပြောင်းပို့ဆောင်ပေးခဲ့ပါသည်။
- **အရပ်ဘက်လူမှုအဖွဲ့အစည်း ၇၀အား** ရှေးဦးပြုစုရန်နှင့် လူနာတင်ယာဉ်ဝန်ဆောင်မှုများ ပေးအပ် နိုင်ရန် ပံ့ပိုးခဲ့ပါသည်။
- **ဒေသတွင်းတုံ့ပြန်ကူညီသူ ၁,၂၀၀ နီးပါး**အား အိုင်စီအာရ်စီ၏ အထောက်အပံ့ဖြင့် အရေးပေါ် ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြင်ဆင်ပေးခဲ့ပါသည်။
- **ရုပ်အလောင်း ၁,၁၅၃ခု**အား ပြန်လည်ရှာဖွေပြီး ဂုဏ်သိက္ခာနှင့်အညီ စီမံပေးခဲ့ပါသည်။
- ငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို ပံ့ပိုးကူညီရန် ဘီးတပ်ကုလားထိုင်များ၊ ချိုင်းထောက် များနှင့် အကြောအဆစ်နှင့် ကိုယ်ကာယလေ့ကျင့်ရေးကုထုံးတွင် အသုံးပြုသည့် ကိရိယာများ အပါ

အဝင် ရွှေ့လျားမှုအထောက်အကူပြုကိရိယာများနှင့် အထောက်အကူပြုကိရိယာများ ထုတ်လုပ်ရန်ပစ္စည်းများကို အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံကြီးနှင့် မန္တလေးအရိုးအထူးကုဆေးရုံကြီးသို့ လှူဒါန်းခဲ့ပါသည်။

- ဆေးရုံ ၃ ခုရှိ ကိုယ်ကာယပြန်လည်သန်စွမ်းရေးဆိုင်ရာစွမ်းဆောင်ရည်များ ပိုမိုအားကောင်းလာစေရန် **အကြောအဆစ်နှင့် ကိုယ်ကာယလေ့ကျင့်ရေးကုထုံးပညာရှင် ၁၀ ဦး**အား ခြေတုမပြုလုပ်မီနှင့် ပြုလုပ်ပြီး စီမံခန့်ခွဲမှုများကို လေ့ကျင့်သင်တန်းပေးခဲ့ပါသည်။
- **ခြေတုလက်တုနှင့် အားပြုကိရိယာ ပညာရှင် ၂ ဦး**အား မန္တလေးသို့ စေလွှတ်ခဲ့ပြီး၊ ငလျင်ဆိုင်ရာတုံ့ပြန်ကူညီမှုများ လွန်မြောက်သွားချိန်တွင်လည်း ကိုယ်ကာယပြန်လည်သန်စွမ်းရေးဆိုင်ရာ လုပ်ငန်းအပေါ် အိုင်စီအာရ်စီက ဆက်လက်ထားရှိသည့် သန္နိဋ္ဌာန်ကို ထင်ဟပ်စေရန် အထောက်အကူပြုကိရိယာများကို လူပေါင်း ၆၀ သို့ ပံ့ပိုးကူညီခဲ့ပါသည်။

## ဘေးအန္တရာယ် အသိပညာနှင့် ပိုမိုဘေးကင်းစေရေး အမူအကျင့်များ


- အသိပညာပေး ၁၀၁ပွဲအားဖြင့် **လူပေါင်း ၄,၀၀၀ နီးပါး**အား အသိပညာပေးအပ်နိုင်ခဲ့ပါသည်။
- **ဒေသတွင်းစေတနာလုပ်အားရှင် ၃၃ ဦး**အား ၎င်းတို့၏ ရပ်ရွာဒေသအတွင်း အသက်ကယ်သတင်းစကားများ ပြန်လည်မျှဝေနိုင်စေရန် လေ့ကျင့်သင်တန်းပေးခဲ့ပါသည်။

## ပူးပေါင်းဆောင်ရွက်ခြင်းနှင့် မိတ်ဖက်ဆောင်ရွက်ခြင်း

အရေးပေါ်အခြေအနေများစတင်ချိန်မှစတင်က၊ အိုင်စီအာရ်စီသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းအား ဆေးဝါးများနှင့် တစ်ကိုယ်ရေကာကွယ်ရေးသုံးပစ္စည်းများ၊ ရေသန့်စင်ရန် လိုအပ်သည့် ဓါတုဗေဒပစ္စည်းများလှူဒါန်းခြင်း၊ ဝန်ထမ်းများ၊ လူနာတင်ယာဉ်များနှင့် ရေသယ်ကားများ အလျင်အမြန်စေလွှတ်နိုင်စေရန်နှင့် စေတနာလုပ်အားရှင်များအား လေ့ကျင့်သင်တန်းပေးနိုင်ရန် ဘဏ္ဍာရေးဆိုင်ရာထောက်ပံ့ခြင်းတို့အပါအဝင် ၎င်း၏ ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှုဆိုင်ရာ စုပေါင်း လုပ်ငန်းညှိနှိုင်းဆောင်ရွက်မှုအတွက် ပံ့ပိုးကူညီခဲ့ပါသည်။ ဤစုပေါင်းကြိုးပမ်းမှုနှင့် အနီးကပ်လုပ်ငန်းညှိနှိုင်းဆောင်ရွက်မှုသည် အသက်ကယ်အထောက်အပံ့များနှင့် အရေးပေါ်အဖွဲ့များကို အများဆုံးထိခိုက်ခံခဲ့ရသည့် ဒေသများသို့ အမြန်ဆုံးသွားရောက်နိုင်စေခဲ့ပါသည်။

- **မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ စေတနာလုပ်အားရှင် ၂၄၈ ဦး**အား အရေးပေါ်တုံ့ပြန်ကူညီမှုနှင့် ရှေးဦးပြုစုမှုစွမ်းရည်များ ပိုမိုအားကောင်းလာစေရန် လေ့ကျင့်သင်တန်းပေးခဲ့ပါသည်။
- **မြန်မာနိုင်ငံကြက်ခြေနီအသင်းခွဲ ၃ ခု**အား လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်စေရန်နှင့် ဒေသတွင်း တုံ့ပြန်ကူညီမှုများ ဆက်လက်ဆောင်ရွက်နိုင်စေရန် စစ်ကိုင်းနှင့် ပုသိမ်ကြီးရှိရုံးများအား ပြန်လည်ပြုပြင်ပြင်ဆင်ပေးခြင်းနှင့် မန္တလေးတွင်ရုံးအသစ်ဆောက်လုပ်ပေးခြင်းတို့ အပါအဝင် ပံ့ပိုးကူညီခဲ့ပါသည်။
- အိုင်စီအာရ်စီက ထောက်ပံ့ကူညီထားသည့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရွှေ့လျားအဖွဲ့အားဖြင့် **လူနာ ၁,၈၀၀ ကျော်**အား ကူညီခဲ့ပါသည်။
- မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လုပ်ငန်းဆောင်ရွက်မှုစွမ်းရည်နှင့် ငလျင်ဆိုင်ရာတုံ့ပြန်ကူညီမှုအား ပံ့ပိုးကူညီရန် ဆွစ်ဇာလန်နိုင်ငံသုံး **ဆွစ်ဖရန့် ၅၃၉,၃၀၀** ကို ပေးအပ်ခဲ့ပါသည်။
- မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ပူးတွဲက **နေထိုင်ရန်အမိုးအကာ ၂၆ လုံး**အား ဆောက်လုပ်ခဲ့ပြီး ငလျင်ဒဏ်ခံခဲ့ရသည့် မိသားစုများအား ဘေးကင်းပြီး အရှက်သိက္ခာလုံခြုံစေမည့် နေအိမ်များ ပံ့ပိုးခဲ့ပါသည်။

# အိုင်စီအာရ်စီ၏ မြေငလျင်ဆိုင်ရာ တုံ့ပြန်ကူညီမှုလုပ်ငန်းများ ဆောင်ရွက်ရာ ဒေသများပြ မြေပုံ




©ICRC 2026 The boundaries, names and designations used in this report do not imply official endorsement,
nor express a political opinion on the part of the ICRC, and are without prejudice to claims of sovereignty over the territories mentioned.

## ရှေ့ဆက်ဆောင်ရွက်ရန်

သိသာထင်ရှားသည့် တိုးတက်မှုများရှိခဲ့သော်လည်း ပြန်လည်ထူထောင်နိုင်ရေးမှာ ထိခိုက်လွယ်သည့် အနေအထားတွင် ကျန်ရှိနေပါသည်။ မိသားစုတော်တော်များများသည် ရေရှည်အတွက် နေထိုင်ရန် အမိုးအကာများ၊ ဘေးကင်းသည့်ရေ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရေရှည်ဆောင်ရွက်နိုင်မည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရရှိနိုင်မှုတွင် အခက်အခဲများ ကြုံတွေ့နေရဆဲဖြစ်ပြီး၊ ဆက်လက်ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင်ပဋိပက္ခ၊ နေရပ်ရွှေ့ပြောင်းရမှုများနှင့် စီးပွားရေးဆိုင်ရာ ယိုယွင်းလာမှုတို့ကြောင့် အခြေအနေမှာ ပိုမိုဆိုးရွားလာပြီး လုပ်ကိုင်နိုင်စွမ်းအနည်းငယ်ဖြင့် နေ့စဉ် နေထိုင်စားသောက်ဖို့ရန်ပင် လွန်စွာကြိုးစားရုန်းကန်နေရသည့် ရပ်ရွာလူထုတော်တော်များများအတွက် စိုးရိမ်ပူပန်မှုများ တိုးပွားစေပါသည်။

သဘာဝဘေးများနှင့် ကာလကြာရှည်ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခနှစ်မျိုး ဆုံကာ တစ်ခုနှင့်တစ်ခု အပြန်အလှန် ဖြည့်ဘက်အနေဖြင့်တွန်းအားပေးလျက်ရှိသည့် အခြေအနေမျိုးတွင် ရေရှည်တည်တံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့သည် မရှိမဖြစ်အရေးကြီးသည့် အရာအဖြစ် ကျန်ရှိနေပါသည်။ အိုင်စီအာရ်စီသည် မြန်မာနိုင်ငံတစ်ဝန်းရှိ ရပ်ရွာလူထုများက ကျွန်ုပ်တို့ကို လိုအပ်သည့်ကာလပတ်လုံး၊ လူထုနှင့်အတူ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပြီး၊ ၎င်းတို့၏ ဘဝများနှင့် ဂုဏ်သိက္ခာကို ပြန်လည်တည်ဆောက်နိုင်ရန် ပံ့ပိုးကူညီသွားမည်။

**အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ**
၂(ဂ)-၅၊ ကမ္ဘာအေးဘုရားလမ်း၊ ၈မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။
T +95 9 77 666 2555
F +95 1 650 117
E yan_yangon@icrc.org

©ICRC, March 2026

facebook.com/ICRCmm

09.2025 100 Cover photo: Ku Ki/ICRC